မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ
MYANMAR COUNCIL OF CHURCHES (MCC)

ထိုသူအပေါင်းတို့သည်ငါတို့၌တစ်လုံးတစ်ဝတည်းဖြစ်စေခြင်းငှါဆုတောင်းပါ၏။ (ယော ၁၇း၂၁)

**"THAT THEY ALL MAY BE ONE " JOHN 17:21**

# MCC SUNDAY

# ၂၀၂၀ ခုနှစ် တစ်လုံးတစ်ဝတည်းတနင်္ဂနွေနေ့
# (၁၉.၁.၂၀၂၀– ဇန်နဝါရီလ တတိယပတ်)
# “ဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်စာအုပ်”

(၂၀၁၈– ၂၀၂၀) အဓိကအချက်
“နိုင်ငံတော်တည်ထောင်ဖို့ထက်သန်ပြင်းပြစွာဆုတောင်းကြပါစို့”
(၁သက်– ၅း ၁၇၊ လုကာ– ၂၂း ၄၀– ၄၄)

## မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ဥက္ကဌအမှာစာ | ... | ၃ |
| ၂။ | အထွေထွေအတွင်းရေးမှူးအမှာစာ | ... | ၄ |
| ၃။ | သမ္မာကျမ်းစာလေ့လာခြင်း | ... | ၅-၆ |
| ၄။ | တရားဒေသနာ (၁) | ... | ၆-၉ |
| ၅။ | တရားဒေသနာ (၂) | ... | ၁၀-၁၄ |
| ၆။ | နိစိန်ယုံကြည်ချက် | ... | ၁၄-၁၅ |
| ၇။ | စိန့်ဖရန့်စစ်အက်စ်စီစီမေတ္တာပို့ဆုတောင်း | ... | ၁၅-၁၆ |
| ၈။ | မခသကအမှတ်တံဆိပ် LOGOအဓိပ္ပာယ်ရှင်းလင်းခြင်း | .. | ၁၆-၁၇ |
| ၉။ | မခသက သမိုင်းအကျဉ်း | ... | ၁၇-၁၈ |
| | - အခြေခံယုံကြည်ချက် | ... | ၁၈ |
| | - ရှုပါရုံ | ... | ၁၈ |
| | - ရပ်တည်လုပ်ဆောင်မှု | ... | ၁၈-၁၉ |
| | - ရည်ရွယ်ချက် | ... | ၁၉ |
| | - လုပ်ငန်းစဉ်များ | ... | ၁၉-၂၀ |
| | - ဌါနများနှင့် ကော်မတီ/ကော်မရှင်များ | ... | ၂၀ |
| | - အထူးစီမံကိန်းများ | ... | ၂၁ |
| ၁၀။ | အဖွဲ့ဝင်အသင်းတော်များ | ... | ၂၁ |
| ၁၁။ | ပူးပေါင်းဆက်သွယ်သောအဖွဲ့များ | ... | ၂၁-၂၂ |
| ၁၂။ | ဒေသန္တရအသင်းတော်ကောင်စီများ | ... | ၂၂-၂၃ |
| ၁၃။ | အလှူငွေထည့်ဝင်သောအသင်းတော်များစာရင်း | ... | ၂၄ |

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ
THE MYANMAR COUNCIL OF CHURCHES
ECUMENICAL SHARING CENTRE
(601) Pyay Raod, University P.O., Kamayut Township, Yangon 11041, Myanmar
Email: info@mccoikom.org 01.520676, 513579,537957

၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်။

သို့/-

- အဖွဲ့ဝင်အသင်းတော်များ
- အသင်းသူအသင်းသားများ

ဘုရားသခင်၏ငြိမ်သက်ခြင်း သင်တို့၌ရှိပါစေသော။

အဖွဲ့ဝင်အသင်းတော်များနှင့်အသင်းသူအသင်းသားညီအစ်ကိုမောင်နှမများဖြင့် ဖွဲ့စည်း၍ညီအစ်ကိုမောင်နှမများ ပိုင်ဆိုင်သည့် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၏ "တစ်လုံးတစ်ဝတည်းတနင်္ဂနွေနေ့"ကို ၂၀၁၈ခုနှစ်၊ မေလ(၉-၁၃) ရက်များတွင်ပြုလုပ်သော မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၊ (၈၇)ကြိမ်မြောက်သင်းလုံးကျွတ်အစည်းအဝေးကြီးကနှစ်စဉ် ပထမလ၏ တတိယပါတ်တနင်္ဂနွေနေ့တွင်ကျင်းပပြုလုပ်ရန်သမိုင်းမှတ်တိုင်အဖြစ် ဆုံးဖြတ်သတ်မှတ်နိုင်ခဲ့သည့်အတွက် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းရင်းညီအစ်ကိုမောင်နှမများကိုလည်း အထူးကျေးဇူးတင်ပါသည်။

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီက ကြိုးပမ်းလျှက်ရှိသောအသင်းတော်များတစ်လုံးတစ်ဝတည်းဖြစ်ခြင်းအမှု နှင့် မြန်မာပြည်တွင် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၏တည်ရှိမှု၊ ဆောင်ရွက်မှုတို့သည် မြန်မာနိုင်ငံတော်၏ ငြိမ်းချမ်းသာယာမှု၊ မြန်မာနိုင်ငံတွင်ခရစ်ယာန်အသင်းတော်များ၏စည်းလုံးညီညွတ်မှု၊ ကြီးပွားတိုးတက်မှုနှင့် အထူးသဖြင့် ဘုရားသခင်၏နိုင်ငံတော်ကျယ်ပြန့်မှု၊ ခရစ်တော်၏သာသနာတော်ကြီးပွားမှုအတွက် အရေးပါလှကြောင်း သုံးသပ်မိကြပါသည်။

သို့ဖြစ်ပါ၍ ဤမျှအရေးပါလှသော အမှုတော်မြတ်အတွက်ကြီးစွာသောအထောက်အကူဖြစ်စေမည့်မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၏ "တစ်လုံးတစ်ဝတည်းတနင်္ဂနွေနေ့" ကိုလာမည့် ၂၀၂၀ ခုနှစ် တွင်လည်း ညီအစ်ကိုမောင်နှမများနှင့် အဖွဲ့ဝင်အသင်းတော်များအနေဖြင့်တစ်ခဲနက်ပါဝင်ဆင်ယင်ကျင်းပကြပါရန် ခရစ်တော်၏နာမ၌ နှိုးဆော်တိုက်တွန်းလိုက်ပါသည်။

သာသနာပိုင်ချုပ်ကြီးစတီဖင်သန်းမြင့်ဦး
ဥက္ကဋ္ဌ၊ မခသက

## မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ
## အထွေထွေအတွင်းရေးမှူး အမှာစာ

၁၉၁၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ (မခသက)၊ **Myanmar Council of Churches (MCC)**သည်၊ ၂၀၁၉ ခုနှစ် တွင်သက်တန်း (၁၀၅)နှစ်ပြည့်ခဲ့ပြီးဖြစ်ပါသည်။ သို့သော် ယနေ့တိုင်နေ့ထူးနေ့မြတ်တစ်ရက် သတ်မှတ်ကျင့်သုံးခဲ့ခြင်းမရှိသေးပါ။ ထို့ကြောင့် ပထမတိုင်းရင်းသားပေါင်းစုံနှစ်ခြင်းခရစ်ယာန်အသင်းတော်၊ တောင်ကြီးမြို့၊ ၂၀၁၈ ခုနှစ်၊ မေလ (၉-၁၃)ရက်များအတွင်း ကျင်းပခဲ့သော မခသက ၏ (၈၇)ကြိမ်မြောက်သင်းလုံးကျွတ် အစည်းအဝေးကြီးမှ တစ်လုံးတစ်ဝတည်းတနင်္ဂနွေ (သို့မဟုတ်) **(MCC Sunday)** ကိုနှစ်စဉ် ဇန်နဝါရီလ၏ တတိယအပတ်ကို သတ်မှတ်ကျင့်သုံးရန်နှင့် အထူးအလှူတော်ငွေတစ်ကြိမ်ကောက်ခံ၍ တစ်လုံးတစ်ဝတည်း အမှုတော်အတွက် မခသက သို့ပေးလှူရန် <u>ဆုံးဖြတ်ချက်အမှတ်-၀၁၂</u> ဖြင့်အားလုံးမှတစ်ညီတစ်ညွတ်တည်း သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

သို့ပါ၍ ထိုနေ့ရက်သတ်မှတ်ကျင့်သုံးမှုကို စနစ်တကျဖြင့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ တတိယအပတ်တွင် စတင်လုပ်ဆောင်နိုင်ရန်အတွက် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၏ အဖွဲ့ဝင်အသင်းတော်များ၊ ပူးပေါင်းဆက်သွယ်သောအဖွဲ့များ၊ ဒေသန္တရခရစ်ယာန်အသင်းတော်ကောင်စီများ ထံသို့ "တစ်လုံးတစ်ဝတည်းတနင်္ဂနွေနေ့" ကျင်းပကြရန် နှိုးဆော်ပေးပို့ခဲ့ပါသည်။ သို့သော် ၂၀၁၉ ခုနှစ်၊ ပထမဆုံးအကြိမ် **MCC Sunday** ကျင်းပပြုလုပ်နိုင်ခဲ့သောအသင်းတော်များမှာ အလွန်နည်းပါးခဲ့ပါသည်။ ထို့ကြောင့် ဤစာအုပ်ငယ်ကိုပေးပို့လျှက် ယခုလာမည့် ၂၀၂၀ တွင်ဆက်လက်ကျင်းပနိုင်ရန် နှိုးဆော်လျှက် တိုက်တွန်းအပ်ပါသည်။

တစ်လုံးတစ်ဝတည်းအမှုတော်မြတ်၌

သိက္ခာတော်ရဆရာမန်းပါမာစတန်
အထွေထွေအတွင်းရေးမှူး

## သမ္မာကျမ်းစာလေ့လာခြင်း

သာသနာပိုင်ချုပ်ဒေါက်တာစံမြတ်ရွှေ
မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (အင်္ဂလိကန်)

တစ်လုံးတစ်ဝတည်းဖြစ်၍ ဘုန်းတော်ထင်ရှားလျက်၊ သခင်ခရစ်တော်အား လူအပေါင်းတို့သိရှိစေရန်။ (ယောဟန် ၁၇း၁–အဆုံး)

ကိုယ်တော်သည် အကျွန်ုပ်ကိုစေလွှတ်တော်မူသည်ကို လောကီသားတို့သည် ယုံကြမည်အကြောင်း၊ ထိုသူအပေါင်းတို့သည် တစ်လုံးတစ်ဝတည်းဖြစ်လျက်၊ အဘ၊ ကိုယ်တော်သည် အကျွန်ုပ်၌ရှိတော်မူ၍ အကျွန်ုပ်သည်လည်း ကိုယ်တော်၌ရှိသကဲ့သို့ ထိုသူအပေါင်းတို့သည် ငါတို့၌တစ်လုံးတစ်ဝတည်းဖြစ်စေခြင်းငှာ ဆုတောင်းပါ၏။ (၁၇း၂)

၁။ ဆုတောင်းခြင်းသည် လူတစ်ဦး၏ လေးနက်သောအပြုအမူတစ်ခုဖြစ်သည်။ ဆုတောင်းခြင်းအားဖြင့် လူတစ်ဦး၏ စိတ်ဆန္ဒပြင်းပြစွာဖြင့်ဖော်ပြသည့်အရာ၊ ဖြစ်စေချင်သည့်အရာကို သိရှိနိုင်ပါသည်။ သခင်ခရစ်တော်၏ဆုတောင်းသည့်အရာကိုသိရှိခြင်းဖြင့်၊ မိမိအားယုံကြည်သူများအပေါ်တွင် မည်မျှချစ်ကြောင်း၊ ထိုသူတို့၏အကျိုးကိုမည်မျှလိုလားကြောင်း၊ မိမိတို့အားမည်ကဲ့သို့ဖြစ်စေချင်ကြောင်းစသည်တို့ကိုသိရှိလျှက် အမှုတော်ဆောင်ခြင်းအတွက် ကြီးမားသောခွန်အားနှင့်တွန်းအားများဖြစ်စေပါသည်။

၂။ သခင်ခရစ်တော်အနေဖြင့် လက်ဝါးကပ်တိုင်အပေါ်တွင် အသေခံခြင်းဖြင့် ဘုရားသခင်ဘုန်းတော်ထင်ရှားမည်ဟုခံယူလျက်၊ ထိုအချိန်နာရီနီးကပ်လာချိန်ကိုသတိ ရှိရှိပြင်ဆင်ထားပါသည်။ ခမည်းတော်နှင့်သားတော်အပြန်အလှန်ဘုန်းထင်ရှားစေခြင်းဖြင့်၊ မိမိနှင့်ဘုရားသခင်အကြား ထူးခြားသည့်ဆက်နွယ်မှုရှိကြောင်း ဖော်ပြလျက်၊ ဤလောကမတည်မီအချိန်ကတည်းက သခင်ခရစ်တော်၏ဘုန်းသည်ထင်ရှားနှင့်ခဲ့ပြီးဖြစ်သည်။ ခမည်းတော်ဘုရားသခင်၏ စေလွှတ်ခြင်း ကိုခံရသည့်သခင်ခရစ်တော်အားဖြင့် ယုံကြည်သောသူများသည် စစ်မှန်သောဘုရားသခင်ကို သိကျွမ်းခြင်း၊ စေလွှတ်ခံရသည့် သခင်ခရစ်တော်ကိုသိကျွမ်းခြင်းဖြင့် ဘုရားသခင်ပေးသည့် ထာဝရအသက်ကိုရရှိစေပါသည်။ ကားတိုင်လမ်းလျှောက်ရခြင်းသည်အကြောင်းမဲ့မဟုတ်၊ ရည်ရွယ်ချက်မဲ့မဟုတ်၊ ဘုရားသခင်၏ရည်ရွယ်ချက်နှင့်အညီဘုန်းတော်ထင်ရှားရန် လျှောက်လှမ်းနေခြင်းဖြစ်ပါသည်။ ယခုဏခံရ၍ ပေါ့ပါးသောဆင်းရဲဒုက္ခသည် အတိုင်းထက်အလွန် ကြီးမြတ်လေးလံသော နိစ္စ ထာဝရဘုန်းအသရေကို ငါတို့အဖို့ဖြစ်စေတတ်၏။ (၂ကော- ၄း၁၇)။

၃။ သခင်ခရစ်တော်ကို ယုံကြည်သည့်တပည့်တော်များသည် ဘုရားသခင်ထံမှလာသည့် နှုတ်ကပါတ်တော်နှင့် ဗျာဒိတ်တော်တို့ကို သိရှိယုံကြည်ကြလျှက်၊ ထိုအရာများသည် သခင်ခရစ်တော်မှတဆင့် သခင်ဘုရားပေးသည်ဟု နားလည်ပါသည်။ ထိုသူတို့အားဖြင့် သခင်ခရစ်တော်၏ ဘုန်းထင်ရှားခြင်းဖြစ်ပါသည်။ ထိုသူတို့အတွက် သခင်ခရစ်တော်ဆုတောင်းပေးရာတွင်၊ ကျွန်ုပ်နှင့် မခည်းတော် တစ်လုံးတစ်ဝတည်းဖြစ်သကဲ့သို့ ထိုသူတို့သည်လည်း အချင်းချင်း တစ်လုံးတစ်ဝ တည်းဖြစ်ပါမည့်အကြောင်း၊ သူတို့အားကွယ်ကာ စောင့်ရှောက်ပါမည့်အကြောင်း၊ ထိုသူတို့၌ သခင်ခရစ်တော်၏ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံစေပါမည့်အကြောင်း၊ ထိုသို့အားလောကသား များမုန်းသည့်အတွက်၊ လောကနှင့်မစပ်ဆိုင်သည့်အတွက်သူတို့၏ အသက်တာကို အဆိုးမှလည်း ကွယ်ကာတော်မူပါမည့် အကြောင်းတောင်းလျှောက်ပါသည်။ ထို့အပြင် သခင်ခရစ်တော်ကို သိရှိ ယုံကြည်သူများသည် လောကအတွင်းရှိနေသော်လည်း၊ လောကနှင့်မစပ်ဆိုင်ဘဲ ဘုရားသခင်၏ ကွယ်ကာစောင်မမှု၊ ဝမ်းမြောက်ခြင်းနှင့်ပြည့်စုံခြင်း၊ ဘုရားသခင်၏နှုတ်ကပါတော်၌ သီးသန့် ထားခြင်း၊ ဆက်ကပ်အပ်နှံခြင်းများကိုခံယူရရှိလျှက် အမှုတော်ဆောင်ရန်အလိုရှိပါသည်။

xxxxxxxxxxx

**တရားဟောချက် (၁)**

သိက္ခာတော်ရဒေါက်တာဗန်ကုန်း
ကျောင်းအုပ်ကြီး၊ လောရိန်းဓမ္မကောလိပ်
မရာဇဝံဂေလိအသင်းတော်

ဒီနေ့ဟာ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီအတွက် အလွန်ထူးခြား တဲ့နေ့ဖြစ်သလို ကောင်စီရဲ့သာသနာ့ခရီးစဉ်သမိုင်းမှာလည်း အောင်မြင်မှုမှတ်တိုင်ဖြစ် တယ်လို့ ဆိုချင်ပါတယ်။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီကို အဖွဲ့ဝင်အသင်းတော်များ အချင်းချင်းဝိုင်းဝန်းကူညီနိုင်ဖို့၊ အတူတကွလုပ်နိုင်တဲ့ လုပ်ငန်းတွေ လုပ်ဆောင်ဖို့၊ အသင်းတော် တွေရဲ့ယုံကြည်ခံယူချက်တွေကို အပြန်အလှန်နားလည်လျှက် ဘုရားသခင်ရဲ့ အမှုတော်မြတ်မှာ အတူတူပါဝင်နိုင်ဖို့တို့ကို ရည်ရွယ်ပြီး ၂၀၁၉ ခုနှစ်ကဖွဲ့စည်းခဲ့ပါတယ်။

ကောင်စီဖွဲ့စည်းပြီးလို့ ၁၉၇၃ ခုနှစ် ရောက်တဲ့အချိန်မှာတော့ ကောင်စီအဖွဲ့ဝင်အသင်း တော်များအနေနဲ့ပိုမိုနီးစပ်မှုရှိတဲ့ တစ်လုံးတစ်ဝတည်းဖြစ်ခြင်းကို နှစ်သက်ကြကြောင်းအားလုံး ဆန္ဒပြုကြတဲ့အတွက်အဲဒီသဘောတူညီချက်နဲ့အညီကောင်စီဟာရှေ့ကို တစ်လှမ်းချင်းစီ ချီတက်ခဲ့ ပါတယ်။ အသင်းတော်များ၊ ခရစ်ယာန်များအချင်းချင်းရိုင်းပင်းကူညီခြင်းဟာ ဘုရားသခင်အ လိုတော်ထဲမှာပါရှိတဲ့အတွက် အသင်းတော်များတစ်လုံးတစ်ဝတည်းဖြစ်ရေးကိုအသွင် အမျိုးမျိုးနဲ့ လုပ်ဆောင်ခဲ့ကြပါတယ်။ “နိုင်ငံတော်တည်ထောင်ပါစေသော”(မ ၆း ၁၀)ဆိုတဲ့ အချက်ဟာ ကျွန်တော်တို့ရဲ့သခင်ယေရှုဆုတောင်းချက်ဖြစ်သလို(ယော ၁၇း၂၁)သူ့ရဲ့ဆန္ဒလည်းဖြစ်ပါတယ်။

ဒါကြောင့်မို့မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ(၂၀၁၈-၂၀၂၀) ကောင်စီသက်တမ်းမှာ ခရစ်ယာန်တွေအားလုံး "နိုင်ငံတော်တည်ထောင်ဖို့ ထက်သန်ပြင်းပြစွာ ဆုတောင်းကြပါစို့" ဆိုတဲ့အချက်ပေါ်ခွန်အားယူကြဖို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါတယ်။

ဆုတောင်းခြင်းဟာ ခရစ်ယာန်အသက်တာရဲ့ အခြေခံအချက်ဖြစ်ပြီး၊ တစ်လုံးတစ်ဝတည်းဖြစ်ခြင်းလှုပ်ရှားမှု ရဲ့အခြေခံအချက်လည်းဖြစ်ပါတယ်။ ဒါကြောင့်မို့ သခင်ယေရှုကိုယ်တိုင်က သူ့တပည့်တော်တွေအနေနဲ့ တစ်လုံး တစ်ဝတည်းဖြစ်ခြင်းမှာ ကြီးထွားကြလျက် အတူတကွ သက်သေပြုခြင်း၊ အစေခံခြင်း၊ ဆုတောင်းခြင်းနှင့် ဝန်ခံခြင်းတွေလုပ်ဆောင်ဖို့ ဆန္ဒရှိခဲ့တာဖြစ်တယ် (ယော ၁၇း၂၀)။ သခင်ယေရှု မျှော် မှန်းတဲ့နိုင်ငံတော်တည်ထောင်နိုင်ဖို့ ကျွန်ုပ်တို့ဆုတောင်းတဲ့အခါ အောက်ပါအချက်တွေကို သတိပြုရန်လိုအပ်ပါတယ်။

(၁) နိုင်ငံတော်တည်ထောင်ဖို့ဆုတောင်းကြရာတွင် ဘုရားသခင်အလိုတော် ကိုဝန်ခံတတ်ဖို့ဦးစွာလိုအပ်ပါတယ်။ (ဆာလံ ၁၄၃း၁၀)။ ဘုရားသခင်ရဲ့အလိုတော်ဟာ သခင်ယေရှုရဲ့ အလိုတော်လည်းဖြစ်တယ်။ (မာ ၁၄း၃၆)။ သခင်ယေရှုရဲ့ အလိုတော်ပြည့်စုံ စေခြင်းဟာ သခင်ယေရှုမိန့်မှာချက်အတိုင်း အသက်ရှင်ခြင်းလည်းဖြစ် တယ်။ (ဆယာ ၁၄း၂၁)။ ဆုတောင်းခြင်းဟာ အဲဒီဘုရားရဲ့ အလိုတော်ထဲဝန်ခံခြင်းဖြစ်သလိုဘုရားသခင်အလိုတော်ဆောင်ရွက်နိုင်ဖို့ ခွန်အားယူခြင်းလည်းဖြစ်တယ်။ တပည့်တော်တွေအနေနဲ့ ယေရှုခရစ်တော်ရဲ့ မိန့်မှာချက်တွေ တစ်လုံးတစ်ဝတည်းနဲ့ လိုက်နာဆောင်ရွက်ခြင်းဟာခရစ်တော်နဲ့အတူ အသက်ရှင်ခြင်းဖြစ်တယ်။ (၁ယော ၂း၆)။ ဒါကြောင့်မို့ကျွန်တော်တို့ "အလိုတော်ရှိရာပြုတော်မူပါ" လို့သီချင်းဆိုကြခြင်းဖြစ်တယ်။

သခင်ယေရှုကိုယ်တိုင်ကားတိုင်မထမ်းမှီခမည်းတော်ထံမှာ"ကိုယ်တော့်အလိုတော်အတိုင်းဖြစ်ပါစေ"(လုကာ ၂၃း၄၆)လို့ဝန်ခံခဲ့တယ်။ ဘုရားသခင်အလိုတော်ဝန်ခံ ခြင်းဟာဘုရားသခင်နိုင်ငံတော်စိုးမိုးမှုအောက်မှာ နေခြင်းဖြစ်ပါတယ်။ ကနဦးခရစ်ယာန်တွေက ယေရှုခရစ်တော်သွန်သင်တဲ့ နိုင်ငံတော်သဘောကို မိမိတို့အသက်တာနဲ့ ဖော်ဆောင်ခဲ့ကြတယ်။ သူတို့တတွေအားဖြင့် လောကီသားတွေဘုရားသခင်ကို သိနိုင်ဖို့ဖြစ်ပါတယ် (မ ၅း၁၆)။ လောကကြီးကိုအစေခံဖို့၊ လောကကြီးပြောင်းလဲစေဖို့ ဆက်ကပ် ကြတယ်။ သူတို့တတွေရဲ့ကြွေးကျော်သံက "သခင်ယေရှုကြွလာတော်မူပါ" **(Maranatha)** ဆိုတဲ့အချက်ဖြစ်တယ် (၁ကော ၁၆း၂၂)။ နိုင်ငံတော်တည်ထောင်ဖို့ ဘုရားသခင်ရဲ့အလိုတော်ကို ဝန်ခံတတ်သူတွေဖြစ်ပါစေ။

(၂) နိုင်ငံတော်တည်ထောင်ဖို့ဆုတောင်းရာမှာ စိတ်နေစိတ်ထားပြောင်းလဲဖို့လိုအပ် ပါတယ်။ (ရော ၁၂း၂)။ ယေရှုခရစ်တော်တည်ထောင်ထားတဲ့ နိုင်ငံတော်ထဲမှာလူတိုင်း လက်ရည်တစ်ပြေးတည်းနေကြပါတယ်။ အဲဒီထဲမှာလူငယ်ဖာ့ရိရှဲသော့မတ်အတွက် နေရာမဆန့်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ ရှိတဲ့ချမ်းသာခြင်းကို အခြားသူတွေဆီ မဝေမျှနိုင်လို့ဖြစ်တယ် (မာကု ၈း၁၁)။ စိတ်လေးပြီး လူတောထဲမတိုးဝံ့တဲ့ အခွန်ခံဇက္ကဲ (လုကာ၁၉း၄)နဲ့အခွန်ခံမဿဲတို့လိုလူတွေနေကြပါတယ်။ သူတို့ကစိတ်နေစိတ် ထားပြောင်းသွားကြလို့ အဲဒီနေရာမှာနေနိုင်ကြတာ

ဖြစ်တယ်။ လာဇရုကို ဂရုမစိုက်တဲ့ သူဌေးကြီးအတွက် နေရာမရှိဘူး(လုကာ ၁၆း၁၉)။ အဲဒီနိုင်ငံဝင်နိုင်သူထဲမှာ စာရင်းဝင်တွေကတော့ စိတ်မသာငြိးတွားသောသူတွေ၊ စိတ်နှိမ့်ချတဲ့သူတွေ၊ဖြောင့်မတ်ခြင်းကို ဆာငတ်သူတွေလည်းပါတယ် (မ ၅)။ သူတို့ကအများတကာအတွက် စိတ်ပင်ပန်းနေကြတယ်။ နိုင်ငံတော်တည်ထောင်ဖို့ကျွန်ုပ်တို့တစ်တွေ သန့်ရှင်းသောဝိညာဉ်တော် အကူအညီနဲ့ စိတ်ထားပြောင်းရပါမယ်။ အဲဒီထဲမှာနေသူတွေကတော့နိုင်ငံတော်ကိုမြည်းစမ်းနေကြတဲ့အတွက် "ငတ်တယ်" ဆိုတာမရှိတော့ဘူး။ ဒါကြောင့်မို့နိုင်ငံ တော်တည်ထောင်ဖို့ ကျွန်တော်တို့တတွေရဲ့ စိတ်နေစိတ်ထားကိုပြောင်းလဲဖို့ လိုအပ်ပါ တယ်။

(၃) နိုင်ငံတော်တည်ထောင်ဖို့ စိတ်ဝိညာဉ်သဘောပြောင်းလဲခြင်းနဲ့ ဆုတောင်းဖို့ လိုပါတယ် (ဧဖက် ၄း၁၅)။ စိတ်ဝိညာဉ်သဘောဆိုတာ **Spirituality** ကိုပြောတာပါ (ကောလော ၁း၁၀)။ ဝိညာဉ်သဘောပြောင်းလဲတဲ့အခါ အမြင်တွေပြောင်းလာတယ်။ အမြင်တွေပြောင်းလာရင် အပြုအမူတွေလည်းပြောင်းလာတယ်။ တန်ဖိုး ထားခြင်းလည်း ပြောင်းလာတယ်(၂ပေ ၁း၁၅)။ အမှန်ဆိုရင် သခင်တစ်ပါး၊ ယုံကြည်ခြင်းတစ်ပါး။ ခမည်းတော်တစ်ပါးယုံကြည်ခြင်းတစ်ပါးတည်းကို ခံယူကြတဲ့အတွက် (ဧဖက်၄း၄-၆) သူတို့အားလုံးက အသစ်သောလူ့ဘောင်အဖွဲ့အစည်းဝင်တွေဖြစ်ပါတယ်။ သူတို့အနေနဲ့ သူတို့နေခဲ့ဖူးတဲ့ အိမ်ဟောင်းကြီးကိုနှုတ်ဆက်ခဲ့ကြပြီးဖြစ်ပါတယ်။ ခရစ်တော်ရဲ့ တပည့်တော်သစ်နဲ့ပတ်ရစ်သူတွေပါ (လုကာ ၅း၃၃-၃၉)။ ခရစ်တော်ရဲ့ အလင်းတန်း အောက်မှာ ရှင်သန်ကြပြီး၊ တစ်လုံးတစ်ဝတည်းစိတ်ထားနဲ့ လူတွေအကျိုးနည်းစေတဲ့ မည်သည့်အပြုအမူကိုမဆို ရှုံ့ချကြတယ်။ တစ်လုံးတစ်ဝတည်းစိတ်ထားနဲ့ အမျိုးသားအမျိုးသမီးခွဲခြားမှု ပပျောက်တဲ့နိုင်ငံတော်ကိုတည်ထောင်ကြတယ်(ကောလောသဲ ၃း၁၁)။ ခရစ်ယာန်တွေအချင်းချင်းအကြား ကာရံတဲ့ယဉ်ကျေးမှုတံတိုင်းတွေကို ကျော်လွှားသွားကြတယ်။ ခရစ်တော်က သူတို့တတွေရဲ့ စိတ်နှလုံးသားကိုပြုပြင်ထားတဲ့အတွက်(၁ကော ၅း၇)အားလုံးပတ်သက်နေကြတယ်(၁ကော ၁၂း၁၂)။ ခရစ်တော် ပြင်ဆင်ထားတဲ့ စားပွဲဝိုင်းမှာ ဝိုင်းကာထိုင်နေကြတဲ့အတွက် လူတိုင်းက မိမိတို့အသံ ကိုယ်စီကြားကြတယ်။ သူသာ၊ ကိုယ်သာစိတ်ထားမျိုးက သူတို့အထဲမှာ ပျောက်ခဲ့လေပြီ။ အားလုံးက ညီအစ်ကိုတွေလိုနေကြပြီး၊ အသွေးအသား အခြေခံတည်ဆောက်ထားတဲ့ ညီအစ်ကိုတွေမဟုတ်ကြဘူး။ ခရစ်တော်၌ ညီအစ်ကိုတွေဖြစ်ကြတယ်။ သူတို့ဆွေးနွေးတဲ့ အရာအားလုံးက လူတိုင်းနဲ့ပတ်သက်တဲ့ အရာ တွေဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်တည်ထောင်ဖို့ စိတ်ဝိညာဉ်သဘောပြောင်းလဲရအောင် ဆုတောင်းကြဖို့လို ပါတယ်။

(၄) နိုင်ငံတော်တည်ထောင်ဖို့ ပြင်းပြစွာဆုတောင်းရမယ် (မ၊ ၆း၁၀)။ ဆုတောင်း တယ်ဆိုတာ ဆန္ဒပြုခြင်း လည်းဖြစ်ပါတယ်။ ဆန္ဒပြုတဲ့အတိုင်း လုပ်ဆောင်ခြင်းလည်း ဖြစ်တယ်။ ပြင်းပြစွာဆိုတာစိတ်ရောကိုယ်ပါဆက်ကပ်ခြင်းလို့နားလည်နိုင်ပါတယ် (မ၊ ၂၆း၃၈)။ နိုင်ငံတော်တည်ထောင်ဖို့ အချင်းချင်းဆုတောင်းပေးရမယ်(ရော၊ ၅း၁၆)၊ မခြားမလပ်ဆုတောင်း ရမယ် (၁သက်သာ၊ ၅း၁၇)။ ဆုတောင်းချက်ကို အစဉ်အောက်မေ့ ရမယ်။ ကျွန်တော်တို့ စုဝေးတဲ့နေရာ

တိုင်းမှာ ဆုတောင်းရမယ်။ အသင်းတော်များ အတွက်ဆုတောင်းရမယ်။ အချင်းချင်းစိတ်ချင်းဆက်နေရမယ်။ လေးလေးနက်နက် ဆုတောင်းခြင်းနဲ့ခရစ်ယာန်ဖြစ်ခြင်းကို ဆင်ခြင်ရမယ်။ အတူတကွအစေခံနိုင်ဖို့ဆုတောင်းခြင်းနဲ့ခွန်အားယူရမယ်။ အတူတကွဝတ်ပြုရမယ်။ မိတ်သဟာယဖွဲ့ရမယ်။ တစ်လုံးတစ်ဝတည်းဖြစ်ရေး မျိုးစေ့ကိုချရမယ်။ ချိုးဖဲ့ခြင်းခံရသူတွေ၊ ငိုကြွေးနေရသူတွေနဲ့အတူ ရှင်သန်နိုင်ဖို့ ဖိတ်ခေါ်ခြင်းခံရကြောင်းနားလည်ထားရမယ်(မ၊ ၂၅)။ ဒါကြောင့်မို့ နိုင်ငံတော်အနှစ်သာရတွေဖြစ်တဲ့ ငြိမ်သက်ခြင်းတွေ၊ ပြန်လည်သင့်မြတ် ခြင်းတွေ၊ ပြန်လည်တည်ဆောက်ခြင်းတွေ မိမိတို့နိုင်ငံမှာရှင်သန်နိုင်ဖို့ဆုတောင်းကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်ဆိုတာ ဘုရားသခင်အလိုတော်၊ စိုးမိုးမှုခံတဲ့နေရာဖြစ်ပါတယ်။

## ကျွန်ုပ်တို့၏ဆုတောင်းချက်

"တိုင်းနိုင်ငံတို့၏ တစ်ပါးတည်းသော ဘုရားသခင်
ကိုယ်တော်သည် စကြာဝဠာနှင့် ဤကမ္ဘာမြေပေါ်တွင်
လုပ်ခြင်းများကို ခြားနားစွာ ဖန်ဆင်းတော်မူ၏။"
"ခြားနားသော ယဉ်ကျေးမှုများနှင့် ခြားနားသော ဘာသာတရားများဖြင့်
ကျွန်ုပ်တို့သည် ကိုယ်တော့်ကို ရှာဖွေနေကြပါသည်။"
"အရာခပ်သိမ်းတို့၏ အစသည် ကိုယ်တော်သာဖြစ်၍
ထိုသူတို့အပေါ်သို့ ကောင်းချီးချပေးသနားတော်မူပါ။"
"ခရစ်တော်အားဖြင့် ပေးသနားတော်မူသောကယ်တင်ခြင်းအတွက်
ကိုယ်တော့်ကို ကျေးဇူးတင်ကြပါ၏။"
"ကိုယ်တော့်ထံမှလာသော ငြိမ်သက်ခြင်းအားဖြင့် အခြားဘာသာက ညီအစ်ကိုများနှင့်
ပို၍စည်းလုံးစေတော်မူပါ။ ကိုယ်တော်အား ရှာဖွေသူရှိသမျှတို့အား
ဖွင့်ပြတော်မူပါ။"
"ပဋိပက္ခများကို အမှန်တရားအားဖြင့် ငြိမ်းစေတော်မူပါ။
သေနတ်သံများ တိတ်စေတော်မူပါ။ ကျွန်ုပ်တို့အလယ်၌
ငြိမ်သက်ခြင်းမြစ်စီးဆင်းစေတော်မူပါ။"
အာမင်။

××××××××××

တရားဒေသနာ (၂)

သိက္ခာတော်ရဒေါက်တာဆိုင်မွန်ပေါင်ခန့်အင်း

## နိုင်ငံတော်တည်ထောင်ဖို့ထက်သန်ပြင်းပြစွာ ဆုတောင်းကြပါစို့
## (ကျမ်းညွှန်း၊ ၁သက် ၅း၁၇၊ လုကာ ၂၂း၄၀-၄၄)

တစ်လုံးတစ်ဝတည်းဖြစ်ခြင်းလှုပ်ရှားမှု **(Ecumenical Movement)** သမိုင်းကိုထဲထဲဝင်ဝင်လေ့လာပါက ဤလှုပ်ရှားမှုသည် မြန်မာပြည်တွင် ၁၉၁၄ ခုနှစ်မှ အစပြုပါသဖြင့် ရာစုတစ်စု (၁၉၁၄-၂၀၁၉)ကျော်ကြာမြင့်ပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ထို့အပြင်ကုန်လွန်ခဲ့သောရာစုတွင် မြန်မာပြည်ရှိခရစ်ယာန်များသည် နိုင်ငံရေးခေတ်ကာလ အမျိုးမျိုးနှင့် အုပ်ချုပ်ရေးစနစ်အဖုံဖုံကို ကျော်ဖြတ်ခဲ့ပါသည်။ အထူးသဖြင့် စစ်အာဏာဖြင့်အုပ်သော အချိန်ကာလ (၁၉၆၂-၂၀၁၅)အတွင်းခရစ်ယာန်အသင်းတော်များသည် ချုပ်ချယ်မှုအမျိုးမျိုးကန့်သတ်မှုအသွယ်သွယ်တို့ကြားမှာ ရှန်းကန်လျက် အသက်ရှင်ကြသည်။ ၁၉၆၆ ခုနှစ်မှစ၍ တိုင်းတပါးမှလာပြီးဆက်ကပ်သော သာသနာပြုများ နိုင်ငံတော်မှ နှင်ထုတ်ခြင်းခံလျက် သာသနာလုပ်ငန်းအဝဝကို ယုံကြည်သူတိုင်းရင်းသားအသင်းတော်ခေါင်းဆောင်များ က ဦးဆောင်ဦးရွက်ပြုကြလေသည်။ အားငယ်ကြပါသည်။ ဝမ်းနည်းကြပါသည်။ သို့သော်လည်း သာသနာတော်ကား မမှေးမှိန်သွားသည်သာမက ပိုမိုရှင်သန်ကြီးထွားလာသည်ကိုတွေ့ရှိရပါသည်။ ဘုရားရှင်၏အကြံတော်သည် လွန်စွာနက်နဲလှပါသည်။

ဤသို့ သာသနာ့သက်တမ်းအားဖြင့် **(Mission history)** ဖြစ်စေ၊ ရင်နှင့်ဘွယ်သော အတွေ့အကြုံများ **(Bitter experience)** အားဖြင့်ဖြစ်စေ ရင့်ကျက်လာသော မြန်မာပြည်ရှိအသင်းတော်များသည် ကမ္ဘာပေါ်ရှိ အခြား ယုံကြည်သူခရစ်ယာန်အသင်းတော်များထံ ဝေမျှဖို့နှင့် သက်သေခံဖို့ရန် အကြောင်းအရာမြောက်များစွာရှိမည်ဖြစ်သည်။ ခရစ်တော်သည် မိမိအသွေးတော်အားဖြင့် အသင်းတော်ကိုတည်ထောင် (မဿဲ ၁၆း၁၇-၂၀) သည်ဖြစ်ရာ ၎င်းအသင်းတော်သည် အဓိကအားဖြင့် မဟာတာဝန်နှစ်ရပ်ရှိလေသည်။ ပထမ မဟာတာဝန်မှာ၊ ခရစ်တော်၏ ပြီးပြည့်စုံသောအမှုတော်(ယောဟန် ၁၉း၃၀)အားဖြင့် စတင်တည်ထောင်ပြီးဖြစ်သော ဘုရားရှင်နိုင်ငံတော်၏ စံနမူနာ **(stereotype)**အဖြစ် မားမားမတ်မတ်ရပ်တည်ရန်နှင့် ဒုတိယမဟာတာဝန် အဖြစ် ၎င်းနိုင်ငံတော်အား တိုးချဲ့ခြင်းအလို့ငှါ သာသနာပြုဖို့ **(Mission)** တို့ဖြစ်ပါသည်။ အကျဉ်းချုပ်သော် အသင်းတော်သည် ဤလောက၌ ဘုရားသခင်နိုင်ငံတော်တိုးချဲ့ဖို့ရန် အဓိကတာဝန်ရှိကြောင်း သတိရလျက် လုပ်ဆောင်ဖို့ရန်ဖြစ်ပါသည်။

၁။ ဘုရားသခင်၏နိုင်ငံတော်

ဘုရားသခင်၏နိုင်ငံတော်ကို သမ္မာကျမ်းစာတော်အားဖြင့်ဂုဏ်အင်္ဂါရပ်(၃) ခုရှိကြောင်း တွေ့ရှိရာ ၄င်းတို့မှာ၊ **ပေးဆပ်သောချစ်ခြင်းမေတ္တာ (giving love- agape) တရားမျှတခြင်း (justice)၊ ငြိမ်သက်ခြင်း (peace-shalom)**တို့ ဖြစ်လေသည်။ လူသားများအားလုံးက ဆာလောင်မွတ်သိပ်သော အသက်ရှင်ရခြင်း၏လက္ခဏာများပင်ဖြစ်သည်။ခရစ်ယာန်များသာမက မနုသလူသားများအာလုံးက လိုလားတောင့်တသော အရာများဖြစ်ကြပါသည်။

ထိုကဲသို့ လူသားများအားလုံးတို့၏ လိုလားသောချစ်ခြင်းမေတ္တာ၊ တရားမျှတခြင်း၊ ငြိမ်သက်ခြင်းနှင့် စီးပွားရေး ဖူလုံမှုတို့ကို မိမိစွမ်းပကားဖြင့် ဖန်တီးဖော်ထုတ်နိုင်မည်ဟု ကတိပေးလျက်စွမ်းစွမ်းတမန် ကြိုးစားအားထုတ်သော ကမ္ဘာခေါင်းဆောင်များပေါ်ခဲ့ဘူးပါသည်။ တစ်ချို့ကို ဖော်ပြသော်၊ ရောမရှင်ဘုရင်နေရူး **(Nero C.E 64)**၊ ဒိုမီရှင်း **(Domition CE 95)** အစရှိသော ကဲသာဘုရင်များသည် ရောမရှင်ဘုရင်များသည် လူသားများလိုလားသော ငြိမ်သက်ခြင်းနှင့် လုံခြုံမှုကို ဖန်တီးနိုင်မည်ဟုကတိပေးကြပါသည်။ ဝါကြွားကြသည်။ သို့ရာတွင်ငြိမ်းချမ်းရေးအတွက် သူတို့အသုံးပြုသော နည်းလမ်းမှာ လက်နက်ကိုင်အကြမ်းဖက်လျက် မည်သူမျှ မတော်လှန်မပုန်ကန်ရဲအောင်ဆန့်ကျင် သူမှန်သမျှကို လက်နက်ပင်ချေမှုန်းခြင်းသာဖြစ်သည်။ ဤရောမရှင်ဘုရင်များပေးသောရောမငြိမ်သက်ခြင်း **(pax Romana)**သည် အခြားသောနည်းလမ်း မရှိတော့ပါသဖြင့်အသုံးပြုသော ငြိမ်ဝပ်ပိပြားခြင်းနည်းလမ်းသာ ကမ္ဘာ့ငြိမ်းချမ်းရေးတည်ဆောက်ဖို့ရန် ပြင်သစ်ပြည်မှ စစ်ဗိုလ်ချုပ်ကြီး နပိုလီယံ **(Napolean, 1769- 1821)**က အားသွန်ခွန်စိုက်ကြိုးစားခဲ့ပါသော်လည်း မအောင်မြင်ပါ။

လူမှုစီးပွားရေးပြသနာကို ဖြေရှင်းလျက် သာယာသော လူ့ဘုံလောကကိုတည်ဆောက်ရန် ဂျာမနီနိုင်ငံမှ ကလ်မတ်(ခ်) **(Karl Marx)** ဦးဆောင်ခဲ့သည်။ လူမှုစီးပွားရေး၏ အနိဋ္ဌါရုံကို ပယ်ဖျက်နိုင်ဖို့ရန် ရှိသူ **(the haves)**နှင့် မရှိသူ **(the have nots)** တို့၏ လူတန်းစားခွဲခြားမှုကို ပယ်ဖျက်လျက် လူတန်းစားမဲ့ လူ့အသိုင်းအဝန်း **(classless society)** ကို တည်ဆောက်ရန် သူအပတ်တကုတ်ကြိုးစားခဲ့သည်။ လုံးဝမအောင်မြင်ခဲ့ပါ။ အကြောင်းမှာ သူသည် လူသားများ၏ စိတ်နှလုံးပြောင်းလဲခြင်း **(transformatiom of human)** ကိုမပြုလုပ်ဘဲ နည်းစနစ်ပြောင်းလဲခြင်း **(changeof system)** ကိုသာ စွမ်းစွမ်းတမန် ကြိုးစားခဲ့သောကြောင့်ဖြစ်သည်။ ခရစ်တော်ကမူလူသားများ၏ အပြစ်နောင်တရခြင်းနှင့် စိတ်နှလုံးပြောင်းလဲခြင်းမှ ထွက်ပေါ်လာသော အသက်တာပြောင်းလဲခြင်း **(conversion)** အားဖြင့် ဘုရားသခင်၏ နိုင်ငံတော်တည်းဟူသော ငြိမ်သက်ခြင်းကို ဖန်တီးတည်ဆောက်ခဲ့လေသည်။ ထို့ကြောင့် သခင်ယေရှုက "ငါ၏နိုင်ငံသည် ဤလောကနှင့်မစပ်ဆိုင်" ဟုမိန့်တော်မူခြင်းပင်ဖြစ်သည်။ (ယောဟန်၁၈း၃၆)

၂။ ဆုတောင်းခြင်းအားဖြင့် နိုင်ငံတော်တည်ထောင်ခြင်း

အထက်တွင်ဆိုခဲ့သည့်အတိုင်း အေးချမ်းသောကမ္ဘာ၊ သာယာသောကမ္ဘာ ကိုဖန်တီးတည်ဆောက်ဖို့ရန် ကမ္ဘာ့ ခေါင်းဆောင်ကြီးများက စစ်လက်နက်ဖြင့် ကြိုးစားကြ၏။ နည်းစနစ် **(system)**ပြောင်းလဲခြင်းဖြစ်လည်း ကြိုးစားကြ၏။မအောင်မြင်ကြောင်းကို ကမ္ဘာ့သမိုင်းက သက်သေထူခဲ့လေသည်။ ဘုရားရှင်၏ နိုင်ငံတော်ကို ထဲထဲဝင်ဝင် လေ့လာပါက ဓမ္မဟောင်းကျမ်း **(Old Testament)**တွင် ဟေဗြဲစကားဖြင့် မာလ်ကွတ် **(Malkuth)** ဟုခေါ်ပြီး ဓမ္မသစ်ကျမ်း **(New Testment)**တွင်မူ ဂရိစကားဖြင့် ဗာစီလေးယာ **(Basileia)** ဟုခေါ်ရာ နှစ်ခုစလုံး၏ အနက်အဓိပါယ်မှာ အလိုတော်ကိုတသွေမတိမ်း လိုက်လျှောက်ခြင်း **(the regin of God)**ပင်ဖြစ်လေသည်။

ဘုရားသခင်၏အလိုတော်ပြည့်စုံရာနိုင်ငံတော်ကို လူသားများ၏ ဥဏ်ပကာသန၊ စွမ်းဆောင်မှု၊ စစ်လက်နက် အစရှိသော စွမ်းအင်နှင့်တည်ဆောက်၍မရပါ။ ဘုရားရှင်ကိုယ်တော်တိုင်က တည်ဆောက်မည်ဖြစ် ပါသည်။ ထိုသို့ ဘုရားရှင်ကိုယ်တော်တိုင် တည်ဆောက်မည်ရာတွင် လူသားများသည် ဘုရားရှင်အသုံးပြုသော လုပ်သားများသာဖြစ် သည်။ ဘုရားရှင်က လူသားတွေကို အသုံးပြုလျက် နိုင်ငံတော်တည်ဆောက်ရန် လူသားများက ဆုတောင်းရမည် ဖြစ်ပါသဖြင့် ဆုတောင်းခြင်းကို အောက်ပါအတိုင်း လေ့လာဖို့ရန် တင်ပြသွားပါမည်။

(၁) ဘုရားရှင်နှင့် မိတ်သဟာရဖွဲ့ခြင်း **(Fellowship with God)**

ဆုတောင်းခြင်းသည် ဘုရားရှင်နှင့် နီးနီးကပ်ကပ် မိတ်သဟာရဖွဲ့ခြင်း **(deeper fellowship with God)** ဖြစ်သည်။လူသားများက မိမိတို့၏အလိုကို ဘုရားရှင်အား ဖွင့်ဟတင်ပြသကဲ့သို့ ဘုရားရှင်၏အလိုတော်ကို သိရှိဖို့ရန် နားထောင်ရမည့်အချိန်လည်းဖြစ်ပါသည်။

(၂) ဤဆုတောင်းခြင်းသည် ဘုရားရှင်၏ ကြီးမားသောတန်ခိုးကို ခံယူခြင်းဖြစ်သည် **(Prayer is receiving the power of God)**

ဟေဇကိ **(Hezekiah)** မင်းသည် သူ၏ဘိုးဘေးများစုဆောင်း ကိုးကွယ်ခဲ့သော ခါနန်လူမျိုးများ၏ ဗာလဘုရား **(Baal)** ကိုးကွယ်ရာရုပ်တုဆင်းတုအားလုံးကို ဖယ်ရှားပြီး ယေရှုရှလင်မြို့ဗိမာန်တော်ကို သန့်ရှင်းစေကာ အပြစ်ကိုနောင်တရလျက် ဆုတောင်းပဌနာပြုသောအခါ ဘုရားရှင်ထံတော်ပါးမှ အောက်ပါကြီးမားသော ရလဒ် များတွေ့ရှိခံစားကြပါသည်။

(က) စိတ်နှလုံးစည်းလုံးခြင်း **(Unity in Spirit)**

ယုဒပြည်သူပြည်သားအားလုံးတို့သည် ဘုရားသခင်၏အလိုတော်နှင့် ရှင့်ဘုရင်၏စကားကို နာခံနားထောင်လျက် လိုက်ရှိနိုင်ဖို့ရန် တညီတညွတ်တည်းဖြစ်လိုသော စိတ်ရှိကြသည်။ **(the spirit of unity)** ပြည်ထောင်စု မြန်မာနိုင်ငံတော်ရှင်သန် တိုးတက်ဖို့ရန် ဤနိုင်ငံသူ၊နိုင်ငံသား၊ လူမျိုးနွယ်စုများ၏ စိတ်တညီတညွတ်တည်းဖြစ်ခြင်း **(Unity)**သည် အဓိကဖြစ်ပါသည်။

ငှင်းစည်းလုံးမှုသည် ဘုရားရှင်ထံတော်မှသာ မြစ်ဖျားခံလျက် အစပြုရမည်ဖြစ်သည်။ လူမျိုးနွယ်စု တစ်ခုခု၏ မဟာလူမျိုးကြီးဝါဒနှင့်မရနိုင်ပါ။

(ခ) ရန်သူကိုနှိမ်နင်းခြင်း **(Victory over enemies)**

တန်ခိုးကြီးမားစွာ စစ်ချီလာသောမြောက်ပိုင်းအာရှုရိ **(Assria)** ရှင်ဘုရင်သနာခရိပ်က **(Senncherib)**အင်အား ကြီးမားလှသော စစ်တပ်နှင့်ယုဒတိုင်းပြည်ကို သိမ်းပိုက်ရန် ချီတက်လာကြသည်။ အင်အားမမျှပါ။ အာရှုရိစစ်တပ်သည်အလွန်အင်အားတောင့်တင်းပါသည်။ ဟေဇကိမင်းသည်ပရောဖက်ဟေရှာယ ကိုခေါ်ပြီး ဆုတောင်းသောအခါ ဘုရားရှင်သည် ကောင်းကင်တမန်တော်တစ်ပါးစေလွှတ်လျက် အင်အားကြီးသောသနာခရိပ်**(Senncherib)**၏ တပ်များကို သတ်ဖြတ်စေလေသည်။ မကသေးပါ။ အာရှုရိဘုရင် သနာခရိပ်သည် မိမိနန်းတော်သို့ အရေးနိမ့်စွာပြန်သွားပြီး မိမိ၏ရုပ်တုကိုးကွယ်ရန် ဗိမာန်တော်ထဲသို့ ဝင်သောအခါ သူ့သားများကိုယ်တိုင်သူ့ကိုကွပ်မျက်ခဲ့လေသည်။ (ဒုရာဇဝင်ချုပ် ၃၂း ၂၀- ၃၀)

(ဂ) ဟေဇကိမင်းကြီး၏ အသက်တိုးခဲ့ခြင်း **(Extension of life)**

ဟေဇကိမင်းကြီးသည် မကျန်းမမာဖြစ်၍ သေရမည့်အကြောင်းကို ပရောဖက်ဟေရှာယက ဖွင့်ပြောပါသည်။ သေရမည်ဖြစ်သောကြောင့် အိမ်အမှုကိစ္စကို စီစဉ်လျက် ပြင်ဆင်ဖို့ရန် သတိပေးလေသည်။ ထိုအခါ ဟေဇကိမင်းကြီးသည် ဝမ်းနည်းလျက်ဘုရားရှင်အားနှိမ့်ချစွာ ဆုတောင်းသောအခါ ဘုရားရှင်သည် သူ၏အသက်ကို (၁၅) နှစ်တိုးခဲ့ပါသည်။ (စတုတ္ထ ဓမ္မရာဇဝင်ချုပ် ၂၀း၁-၆)။ ဆုတောင်းခြင်း၏အရှိန်သည် ကြီးမားလှပါသည်။ သူရွေးနှုတ်သောလူမျိုးတော်သည်မိမိတို့၏အပြစ်ကို နောင်တရလျက် ဆုတောင်းပါက ဘုရားရှင်သည် ကြီးမားသောကောင်းချီးမင်္ဂလာချပေးပါမည့်အကြောင်း ဤကဲ့သို့ ကမ်းလှမ်းခဲ့ပါသည်။

"ငါ၏နာမဖြင့်သမုတ်သော ငါ့လူတို့သည် ကိုယ့်ကိုယ်ကိုနှိမ့်ချသဖြင့်၊ ငါ့မျက်နှာကိုရှာလျက်ဆုတောင်းပဌနာပြု၍ အဓမ္မလမ်းကို လွှဲရှောင်လျှင် ငါသည်ကောင်းကင်ဘုံ၌နား ထောင်မည်။ သူတို့အပြစ်ကိုဖြေ၍ သူတို့ပြည်ကို ချမ်းသာစေမည်"။ (ရာဇဝင်ချုပ် ဒုတိယ ၇း၁၄း၁၆)

ဘုရားသခင်၏နိုင်ငံတော်ကို ဘုရားရှင်ကိုယ်တော်တိုင်က ခရစ်တော်အားဖြင့် တည်ထောင်ခဲ့ပြီဖြစ်ပါသည်။ ထိုနိုင်ငံတော်သည် တစ်စတစ်စတိုးချဲ့ပြီး နောက်ဆုံးတွင် လောကနိုင်ငံတစ်ခုလုံးသည် ခရစ်တော်နိုင်ငံဖြစ်ပြီး ခရစ်တော်ကလည်း ကမ္ဘာအဆက်ဆက် အုပ်စိုးတော်မူမည်ဖြစ်သည် (ဗျာဒိတ် ၁၁း၁၅)။ ထိုဘုရားရှင်၏နိုင်ငံကို တစ်ကမ္ဘာလုံးသို့ တိုးချဲ့နိုင်ဖို့ရန်အသင်းတော်သည် မဟာတာဝန်ရှိပါသည်။ ထိုတာဝန်ကို ထမ်းနိုင်ဖို့ရန်လည်း ဘုရားရှင်ကသာ ဦးဆောင်ဦးရွက်ပြုဖို့ရန် လိုပါသည်။

"ဤအမှုသည် ဗိုလ်ခြေအားဖြင့်မဟုတ်၊ ငါ့ဝိညာဉ်အားဖြင့်ဖြစ်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူ၏။ "(ဇာခရိ ၄း၆)

ဘုရားရှင်ကိုယ်တော်တိုင်က ထိုနိုင်ငံတော်ကိုကြီးထွားရှင်သန်စေမည်ဖြစ်ပြီး ယုံကြည်သူများသည်ဘုရားရှင်၏အသုံးတော်ခံတန်ဆာပလာများသာဖြစ်ပါသည်။ ထိုကဲ့သို့ဘုရားရှင်၏ တန်ဆာပလာများဖြစ်နိုင်ဖို့ရန်လည်း ဘုရားထံတော်ပါးထံ တက်သန်ပြင်းပြစွာ ဆုတောင်းပဌနာပြုဖို့ အထူးလိုအပ်ပါသည်။ ဆုတောင်းခြင်းသည် အစွမ်းထက်သော လက်နက်ဖြစ်ပြီး စာတန်မာနတ်၏ အမှောင်နိုင်ငံကိုခွင်းနိုင်ဖို့ရန် ခွန်အားလည်းဖြစ်ပေသည်။ ဘုရင်မ **(Queen Mary 1542-1587)**က ထိုက်ထိုက်တန်တန်နှင့် အဆိုအမိန့်တစ်ခု မြွက်ဆိုခဲ့ဘူးရာ၊ ၎င်းမှာ "ကျွန်မအနေနှင့် စကော့တလန် **(Scotland)** နိုင်ငံ၏ ကျည်ဆံအားလုံးတို့ထက် ထိုနိုင်ငံ၏ အသင်းတော် ခေါင်းဆောင်ဂျွန်နော့(ခ်) **(John Knox 1513- 1572)**၏ ဆုတောင်းခြင်းကို ပိုမိုကြောက်မက်ပါသည်"ဟု ပြောခဲ့ ဖူးသည်။ ထိုသို့ အရှိန်တန်ခိုးရှိသော ဆုတောင်းခြင်းဖြင့် မြန်မာနိုင်ငံတွင် ဘုရားရှင်၏ နိုင်ငံတော်တည်ဆောက်ကြပါစို့။

xxxxxxxxxx

## နိစိန်ယုံကြည်ချက်

ကျွန်ုပ်တို့သည် - မိုး၊ မြေ၊ ရူပ - အရူပ အရာခပ်သိမ်းကို ဖန်ဆင်းတော်မူသော အနန္တတန်ခိုးတော်ရှင် တစ်ဆူတည်းသောခမည်းတော်ဘုရားသခင်ကို ယုံကြည်ပါ၏။

ကျွန်ုပ်တို့သည် - အလင်းမှအလင်း၊ မုချဘုရားမှမုချဘုရားဖြစ်တော်မူ၍၊ ဖန်ဆင်းတော်မူခြင်းအားဖြင့်မဟုတ်၊ ထာဝရကာလ ခမည်းတော်မှဖြစ်ပွားပြီး ခမည်းတော် နှင့် ဇာတိတော်အားဖြင့် တစ်လုံးတစ်ဝတည်းဖြစ်တော်မူလျက်၊ ခပ်သိမ်းတို့ကို ကိုယ်တော်အားဖြင့်သာဖန်ဆင်းတော်မူသည့် တစ်ပါးတည်းသောသားတော်၊ တစ်ဆူတည်းသောသခင်ယေရှုခရစ်တော်၊ ကျွန်ုပ်တို့လူသားများနှင့် ကျွန်ုပ်တို့၏ ကယ်တင်ခြင်းအတွက်ကိုယ်တော်သည် ကောင်းကင်ဘုံမှ ဆင်းသက်တော်မူ၍၊ သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးအားဖြင့်ကညာမာရိဝမ်းတွင်းတွင်၊ သန္ဓေယူကာ၊ လူ့ဇာတိကို ခံယူတော်မူကြောင်းကိုလည်းကောင်း၊

ကျွန်ုပ်တို့ကိုယ်စားပုန္တိပိလတ်မင်းလက်တွင် ကားတိုင်တင်၊ ကွပ်မျက်၊ အသေခံတော်မူလျက် သင်္ဂြိုလ်ခံတော် မူကြောင်းကိုလည်းကောင်း၊

သမ္မာကျမ်းစာညွှန်ပြချက်များနှင့်အညီ၊ တတိယမြောက်သောနေ့တွင် တဖန်ရှင်ပြန်ထမြောက်တော်မူ၍ ခမည်းတော်ဘုရား၏ လက်ျာတော်ဘက်တွင် နေရာယူတော်မူကြောင်းကိုလည်းကောင်း၊

ကိုယ်တော်သည်ဘုန်းတန်ခိုးနှင့် တဖန်ကြွလာတော်မူ၍၊ သေသူ ရှင်သူတို့ကိုတရားစီရင်တော်မူမည်ဖြစ်ကြောင်း နှင့်ကိုယ်တော်၏ နိုင်ငံတော်သည် အဆုံးမရှိထာဝရတည်တော်မူမည် ကိုလည်းကောင်းယုံကြည်ပါ၏။

ကျွန်ုပ်တို့သည် - ခမည်းတော်ဘုရားမှပေါ်ထွက်တော်မူ၍၊ အသက်ပေးတော်မူသော အရှင်သခင်၊ ပရောဖက်များအားဖြင့် ဗျာဒိတ်ပေးတော်မူသော ခမည်းတော်၊ သားတော်တို့ နှင့်အတူ ကိုးကွယ်ဝတ်ပြုခြင်း၊ ဘုန်းဂုဏ်တော်ချီးမွမ်းခြင်းကိုခံယူတော်မူသော သန့်ရှင်းသော ဝိညာဉ်တော်ဘုရားကိုယုံကြည်ပါ၏။

ကျွန်ုပ်တို့သည် - တမန်တော်တို့ နှင့် ဆက်နွယ်သောတစ်ပါးတည်းသောသန့်ရှင်းသော ကမ္ဘာလုံးဆိုင်ရာ ကာသိုလစ်အသင်းတော်ကိုယုံကြည်ပါ၏။

ကျွန်ုပ်တို့သည် - အပြစ်ဖြေလွှတ်ခွင့်အတွက် တစ်ပါးတည်းသော ဗတ္တိဇံနှစ်ခြင်းမင်္ဂလာကို ဝန်ခံသိမှတ်ပါ၏။

ကျွန်ုပ်တို့သည် - သေသောသူတို့၏ရှင်ပြန်ထမြောက်ခြင်းနှင့် နောင်တမလွန်တွင် ထာဝရအသက်ရှင်မှုကို မျှော်လင့်ပါ၏။ ( အာမင် )

## စိန့်ဖရန်စစ်အက်စီစီဆုတောင်းမေတ္တာ

ခရစ်တော်ဘုရား၊

ကျွန်ုပ်ကို ကိုယ်တော်၏ ငြိမ်းချမ်းရေးအတွက် အသုံးပြုတော်မူပါ။
မုန်းတီးခြင်းကို ချစ်ခြင်းဖြင့်လည်းကောင်း
ထိခိုက်ပြစ်မှားခြင်းကို ခွင့်လွှတ်ခြင်းဖြင့်လည်းကောင်း
ယုံမှားသံသယဖြစ်ခြင်းကို ယုံကြည်းခြင်းဖြင့်လည်းကောင်း
စိတ်ပျက်အားငယ်ခြင်းကို မျှော်လင့်ခြင်းဖြင့်လည်းကောင်း
အမိုက်မှောင်ကို အလင်းဖြင့်လည်းကောင်း
ကြေကွဲဝမ်းနည်းခြင်းကို ဝမ်းမြောက်ရွှင်လန်းခြင်းဖြင့်လည်းကောင်း
တုံ့ပြန်နိုင်ရန်ခွန်အားကျေးဇူးပေးသနားတော်မူပါ။

ခရစ်တော်ဘုရား၊

ကျွန်ုပ်သည်သူတစ်ပါး၏နှစ်သိမ့်အားပေးခြင်းကိုခံရန်ရှာဖွေခြင်းထက် သူတစ်ပါးအား နှစ်သိမ့်အားပေးရန် ကြိုးစားခြင်းကို လည်းကောင်း၊ သူတစ်ပါးက ကျွန်ုပ်အပေါ်၌ သိတတ်နားလည်ရန် ရှာဖွေခြင်းထက် ကျွန်ုပ်က၊ သူတစ်ပါးအပေါ်၌ သိတတ်နားလည်ရန် ကြိုးစားခြင်းကို လည်းကောင်း၊ ပြုနိုင်ရန် ကျွန်ုပ်အား ကူညီတော်မူပါ။

အကြောင်းမူကား ပေးကမ်းခြင်းဖြင့်သာလျှင် ကျွန်ုပ်တို့ရရှိကြပြီး ခွင့်လွှတ်ခြင်းဖြင့်သာလျှင် ကျွန်ုပ်တို့သည် ခွင့်လွှတ်ခြင်းခံရကာ သေဆုံးခြင်းဖြင့်သာလျှင် ကျွန်ုပ်တို့သည် ထာဝရ အသက်သို့ မွေးဖွားခြင်း ခံကြရပါစေသတည်း။ အာမင်။

xxxxxxx

## မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၏ အမှတ်တံဆိပ် (LOGO) အဓိပ္ပာယ်ရှင်းလင်းခြင်း

၁။ စက်ဝိုင်းပုံသည် သက်ရှိသတ္တဝါ၊ သစ်ပင်ပန်းမာလ်များရှင်သန်ပေါက်ပွါးလျှက် ကျွန်ုပ်တို့ မှီတင်းနေထိုင်သောလုံးဝန်းသည့်အမိကမ္ဘာကြီးကိုဆိုလိုပါသည်။

၂။ **OIKOUMENE** ဟူသော စကားလုံးသည် 'ဂရိ' ဘာသာစကား **OIKOS** မှ ဆင်းသက်လာပြီး အဓိပ္ပါယ်မှာ တစ်မိုးအောက်၊ တစ်ကမ္ဘာပေါ်၌အတူနေထိုင်ကြသူများသည် စိတ်သဘောတူညီစွာ ရှင်သန်နေထိုင်လိုပါသည်ဟု ဆိုလိုသည်။

၃။ လှေနားရှိလှိုင်းလုံးပုံသည် မုန်တိုင်းလေတိုက်ခတ်၍ လေတိုက်အား၊ လှိုင်းရိုက်အားဖြင့် လှေငယ်၏ခရီးကို နှောက်ယှက် တားဆီး နေသည်ဟု ဆိုလိုပါသည်။

၄။ လှေငယ်ဖြတ်ကျော်နေသောပင်လယ်ပြင်ပုံသည်တစ်လုံးတစ်ဝတည်းဖြစ်ရေးကိုလုပ် ဆောင်သောအမှုတော်လုပ်ငန်းသည် အလွန်ကျယ်ပြောနက်နဲလှခြင်းကို ပုံဆောင်ပါသည်။

၅။ လှေငယ်ပုံသည်လှိုင်းလုံးကြီးများနှင့် ပြင်းထန်သောလေပြင်း မုန်တိုင်းကို သခင်ခရစ်တော်က လှေပေါ်မှ ငြိမ်သက်စေခဲ့ခြင်းကို ပြန်လည်အမှတ်ရနေစေရန် သတိပေးနေပါသည်။

၆။ လေ့ငယ်ပေါ်ရှိလက်ဝါးကားတိုင်သည် ကယ်တင်ရှင်သခင်ခရစ်တော်ကို ကိုယ်စားပြုပြီး တစ်လုံးတစ်ဝတည်းဖြစ်ရေးသာသနာတော်ကို သခင်ကိုယ်တိုင်ဆုတောင်းလျှက် ဦးဆောင်လှော်ခတ်နေကြောင်းနှင့် လိုက်ပါမည်ဦးလားဟု သခင်က ဖိတ်ခေါ်နေခြင်းအသွင်ကို ကိုယ်စားပြုပါသည်။

ထိုတံဆိပ်တော်မှ ဖော်ပြလိုသောအနှစ်ချုပ် အဓိကအချက်မှာ သခင်ခရစ်တော်၏ တစ်လုံးတစ်ဝတည်းဖြစ်ရေး ဆုတောင်းချက် (ယော ၁၇း၂၁)ကို ကိုယ်စားပြုပါသည်။ ထိုရွှေကျမ်းချက်သည် "တစ်လုံးတစ်ဝတည်းဖြစ်စေခြင်းငှာ ငါဆုတောင်းပါ၏" ဟူ၍ဖြစ်ပါသည်။

အချုပ်ဆိုရလျှင်"ယုံကြည်သူများအားလုံး တစ်လုံးတစ်ဝတည်းဖြစ်ရေးကြိုးပမ်းအားထုတ်လုပ်ဆောင်ကြခြင်းသည် လူသားများအားလုံး အပြစ်မှကယ်ချွတ်ရန် သခင်ခရစ်တော်အား ခမည်းတော်သခင်ဘုရားမှ စေလွှတ်ခဲ့တော်မူကြောင်းကို အတူတကွလက်တွဲ၍ သက်သေခံအတည်ပြုကြခြင်းဖြစ်သည်" ဟူ၍ ဖြစ်ပါသည်။

xxxxxxxx

## မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ သမိုင်းအကျဉ်း

မြန်မာနိုင်ငံရှိခရစ်ယာန်အသင်းတော်များနှင့်ခရစ်ယာန်အဖွဲ့အစည်းများတို့သည် မိတ်သဟာယဖွဲ့ပြီး ခရစ်ယာန်သာသနာလုပ်ငန်းဆိုင်ရာကိစ္စများတွင် စုစည်းညီနှိုင်းလက်တွဲဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံခရစ်ယာန်ကောင်စီကို (၁၉၁၄)ခုနှစ် တွင်ဖွဲ့စည်း တည်ထောင်ခဲ့ပါသည်။ ထို့နောက်တွင် အပြန်အလှန်မိတ်သဟာယဖွဲ့၍ စုစည်းညီနှိုင်းလက်တွဲဆောင်ရွက်ရေးအဆင့်မှနေ၍၊ မြန်မာနိုင်ငံရှိ ခရစ်ယာန်အသင်းတော်များ အားလုံး တစ်လုံးတစ်ဝတည်းဖြစ်ရေးရည်ရွယ်ချက် ထားရှိခဲ့ပါသည်။ (၁၉၇၂)ခု၊ မေလ (၁၆)ရက်နေ့မှ (၁၉)ရက်နေ့အထိ မော်လမြိုင်မြို့တွင် ကျင်းပခဲ့သော မြန်မာနိုင်ငံခရစ်ယာန်ကောင်စီ၏ နှစ်ပတ်လည်အစည်းအဝေးတွင် မြန်မာနိုင်ငံခရစ်ယာန်ကောင်စီ **"Burma Christian Council"** ကို မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ **"Burma Council of Churches (BCC)"** အဖြစ်ပြောင်းလဲဖွဲ့စည်းရန်ဆုံးဖြတ်ခဲ့ပြီး၊ မြန်မာနိုင်ငံခရစ်ယာန်သင်းတော်များကောင်စီ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို (၁၉၇၄) ခု၊ မေလ (၁၄)ရက်နေ့၊ မေမြို့တွင်ကျင်းပခဲ့သောမြန်မာနိုင်ငံခရစ်ယာန်ကောင်စီ၏ နှစ်ပတ်လည်အစည်းအဝေးတွင်အတည် ပြုပြဌာန်းခဲ့ပါသည်။

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသည် အသင်းတော်များတစ်လုံးတစ်ဝတည်းဖြစ်ရေး၊ အသင်းတော်ဆိုင်ရာကိစ္စများနှင့် ခရစ်ယာန်ယုံကြည်ချက်နှင့် ကျင့်သုံးမှုဆိုင်ရာကိစ္စ များတို့ကို ညှိနှိုင်းစီစဉ်ဆောင်ရွက်ရန်အတွက် ခရစ်ယာန်အသင်းတော်များနှင့် ခရစ်ယာန်အဖွဲ့ အစည်းများတို့သည် မိမိတို့ဆန္ဒအလျှောက်စုစည်း၍ ဖွဲ့စည်းထားသော ကောင်စီဖြစ်ပါသည်။ ခရစ်ယာန်ဂိုဏ်းဂဏခြားနားမှုသည် ကွဲပြားရန်မဟုတ်ဘဲ၊ ဂိုဏ်းဂဏအချင်းချင်းနားလည်မှုရှိခြင်း၊အပြန်အလှန်အသိအမှတ်ပြုခြင်းနှင့် လက်တွဲဆောင်ရွက် ခြင်းတို့ဖြင့် နာမတော်ကိုအတူတကွဝန်ခံမှုကို မြှင့်တင်ပေးရန်အတွက်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသည် ကျယ်ပြန့်စွာပူးပေါင်း ဆောင်ရွက်ရမည့် သာသနာ့တာဝန်နှင့် လုပ်ငန်းကဏ္ဍများ ရှိကြောင်းယုံကြည်သည်။

## အခြေခံယုံကြည်ချက်

ခရစ်ယာန်သမ္မာကျမ်းစာတော်မြတ်တွင်ပေါ်လွင်ထင်ရှား၍၊ တမန်တော်တို့ယုံကြည်ချက်နှင့် နိစိန်ယုံကြည်ချက်တို့တွင်အထင်အရှားဖော်ထုတ်ထားသော ခမည်းတော်၊ သားတော်၊ သန့်ရှင်း သောဝိညာဉ်တော်တည်းဟူသော သုံးပါးတစ်ဆူဘုရားကိုလည်းကောင်း၊ သခင်ခရစ်တော်သည်လူသားတို့အတွက်ကယ်တင်ရှင်နှင့်သမ္မာကျမ်းစာတော်မြတ်သည် ခရစ်ယာန်အသက်တာလမ်းညွှန်ဖြစ်ကြောင်းကို လည်းကောင်းကျွန်ုပ်တို့သည် လေးလေးနက်နက်နှင့် တညီတညွတ်တည်း ယုံကြည်ကြသည်။

## ရူပါရုံ

ဘုရားသခင်၏သာသနာတော်မြတ်တည်းဟူသော မြန်မာနိုင်ငံရှိအသင်းတော်များ တစ်လုံးတဝတည်းဖြစ်ခြင်း၊ လူသားတစ်ရပ်လုံးညီညွတ်ခြင်း နှင့်လူသားနှင့် သဘာဝပတ်ဝန်းကျင်တစ်ရပ်လုံး တလောကလုံး ပြည့်စုံကြွယ်ဝသော အသက်တာအတွက် မြန်မာ့ရေခံမြေခံနှင့် လျော်ညီစွာအသင်းတော်များအားလုံးစုစည်းလက်တွဲ၍အစေခံဝန်ထမ်းရန်။

## ရပ်တည်လုပ်ဆောင်မှု

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသည် မြန်မာနိုင်ငံရှိခရစ်ယာန်အသင်းတော်များကိုအခြေခံ၍ ဖွဲ့စည်းထားသော ဂိုဏ်းပေါင်းစုံသာသနာ့အဖွဲ့အစည်းဖြစ်ပါသည်။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီသည်မြန်မာနိုင်ငံတွင်ရှိသောအသင်းတော်များနှင့် ခရစ်ယာန်အဖွဲ့အစည်းများ အားလုံးစည်းလုံးညီညွတ်၍ တစ်လုံးတဝတည်းဖြစ်ခြင်း၊ ဝိညာဉ်သဘောပြည့်ဝခြင်း၊ ဘက်စုံသာသနာ့လုပ်ငန်းဖော်ထုတ်လုပ်ဆောင်ခြင်း၊ ပြန်လည်

သင့်မြတ်ခြင်း၊ ငြိမ်းချမ်းရေး၊ တရား မျှတခြင်း၊ လူ့သိက္ခာမြင့်တင်ခြင်း၊ ကျား/မရေးရာညီမျှခြင်း၊ အစေခံဝန်ထမ်းခြင်း၊ သက်သေခံခြင်း၊ နှင့် ဘာသာ ပေါင်းစုံချစ်ခင်လက်တွဲ လုပ်ဆောင်ခြင်းတို့ကိုဦးတည်လုပ်ဆောင်မည်ဖြစ်သည်။ ထိုလုပ်ငန်းစဉ်များကို ယုံကြည်ခြင်းနှင့်ကျင့်သုံးမှုအပြန်အလှန် အသိအမှတ်ပြုခြင်း၊ လုပ်ဆောင်နိုင်သောစွမ်းအားပြည့်ဝစေခြင်း၊ တွေ့ဆုံဆွေးနွေးခြင်း၊ ပြည်တွင်းပြည်ပမှအရင်းအမြစ်များ ဝေမျှဖလှယ်ခြင်း၊ မိတ်ဖက်လုပ်ဆောင်ခြင်း၊ ညှိနှိုင်းစုစည်းလက်တွဲလုပ်ဆောင်ခြင်းများဖြင့် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်မည်။

## ရည်ရွယ်ချက်

(က) မြန်မာနိုင်ငံရှိခရစ်ယာန်အသင်းတော်များအားလုံး တစ်လုံးတစ်ဝတည်းဖြစ်ရေးအတွက် ဦးဆောင်လမ်းညွှန်အားထုတ်လုပ်ဆောင်ရန်။

(ခ) အသင်းတော်များသည် ခရစ်ယာန်ယုံကြည်ချက် နှင့် ကျင့်သုံးမှုဆိုင်ရာကိစ္စများတွင် အပြန်အလှန်နားလည်လေးစား အသိအမှတ်ပြုရေးနှင့် မျက်မြင်ရသောစည်းလုံး ညီညွတ်ရေးအတွက်အား ပေးကူညီရန်။

(ဂ) အသင်းတော်များသည် ရှင်လုကာ ၄း၁၉ (ဟေရှာယ ၆၁း၁-၃)ကျမ်းစာပါ နာဇရက်ကြေညာချက်နှင့်အညီ ဥသုံသာသနာလုပ်ငန်းများအတွက် အားပေးကူညီဆောင်ရွက်ရန်။

(ဃ) နိုင်ငံတော်အစိုးရ နှင့် ဆက်နွယ် သည့် ခရစ်ယာန်ဘာသာ သာသနာဆိုင်ရာကိစ္စများတွင်အသင်းတော်၏ ယုံကြည်ခြင်း၊ ကျင့်သုံးမှုနှင့်အစဉ်အလာများအရ အသင်းတော်များ၏ ကိုယ်စားရပ်တည်လုပ်ဆောင်ရန်။

## လုပ်ငန်းစဉ်များ

(က) ခရစ်ယာန်အသင်းတော်များပူးပေါင်းဆောင်ရွက်ခြင်းမူဝါဒကို အားပေး၍ အသင်းတော်တစ်ပါး ချင်းနှင့် ဆိုင်သောအုပ်ချုပ်ရေးနှင့် အယူဝါဒသွန်သင်ချက်တို့ကို လေးစားစွာဖြင့် ဂရုပြုဆောင်ရွက်ရန်။

(ခ) အသင်းတော်များသည် ဖြစ်ပျက်ပြောင်းလဲသောခေတ်အခြေအနေကို အစဉ်တစိုက်လေ့လာသုံးသပ်ပြီးဆီလျော်သင့်မြတ်သော သာသနာ့လုပ်ငန်းများ၌ လက်တွဲဆောင်ရွက်ရေးကို အားပေးမြှင့်တင်ရန်။

(ဂ) အသင်းတော်တစ်ပါးစီ၏ယုံကြည်ခြင်းနှင့်ကျင့်သုံးမှုတို့ကို သဘောပေါက်နားလည်၍ အပြန်အလှန်အသိအမှတ်ပြုရေးအတွက် ကူညီဆောင်ရွက်ရန်။

(ဃ) ထိရောက်နက်နဲသော ခရစ်ယာန်သာသနာလုပ်ငန်းအတွက် ခရစ်ယာန်ကျင့်ဝတ်သိက္ခာနှင့်အညီမြန်မာ့ရေခံမြေခံခရစ်ယာန်ဓမ္မအတွေးအခေါ်များ ဖော်ထုတ်ရေးကိုအားထုတ်ဆောင်ရွက်ရန်။

( င ) အသင်းတော်များနှင့် ခရစ်ယာန်အဖွဲ့အစည်းများသည်ယင်းတို့၌ရှိသောစွမ်းအား ဆုကျေးဇူးအမျိုးမျိုးတို့ကို အချင်းချင်းဝေမျှဖလှယ်ရေးအတွက် အားပေးမြှင့်တင်ရန်။

( စ ) မည်သည့်ခရစ်ယာန်အဖွဲ့အစည်း ကမဆို လုပ်ငန်းတစ်ခုခုနှင့်ဆိုင်၍ ကောင်စီသို့ဆက်သွယ်အကြောင်းကြားပါက အရေးယူစဉ်းစားလျက် တာဝန်ယူဆောင်ရွက်ပေးရန်။

(ဆ) ကောင်စီ၏လုပ်ပိုင်ခွင့်ရှိသောခရစ်ယာန်လုပ်ငန်းနှင့် သက်ဆိုင်သည့် မည်သည့် ကိစ္စကိုမဆိုအရေးယူစဉ်းစား၍ဆုံးဖြတ်ဆောင်ရွက်ရန်။

(ဆ) ကောင်စီနှင့်သက်ဆိုင်နှီးနွယ်သော ကိစ္စရပ်များတွင် ဂိုဏ်းပေါင်းစုံ အသင်းတော်များနှင့်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို အတတ်နိုင်ဆုံးရယူပြီးလုပ်ဆောင်သွားရန်။

(ဇ ) ခရစ်တော်၏တရားတော်နှင့်သမ္မာကျမ်းစာတော်သွန်သင်ချက်နှင့်အညီ လူ့ဂုဏ်သိက္ခာမြှင့်တင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အမျိုးသားနှင့်အမျိုးသမီးတန်းတူညီမျှခြင်း၊ လူသားအကျိုးပြုခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်။

လုပ်ငန်းဌါနများနှင့် ကော်မတီ/ကော်မရှင်များ

- အထွေထွေအုပ်ချုပ်ရေးရုံး
- ဘဏ္ဍာနှင့်စွည်းရေးရာဌါန
- တစ်လုံးတစ်ဝတည်းဖြစ်ရေးပညာရေးဌါန
- တစ်လုံးတစ်ဝတည်းဖြစ်ရေး သာသနာပြုရေးဌါန
- ဝန်ထမ်းခြင်းနှင့်ဖွံ့ဖြိုးရေးဌါန
- လူ့စွမ်းအားအရင်းအမြစ်တိုးတက်ဖွံ့ဖြိုးရေးဌါန
- တစ်လုံးတစ်ဝတည်းဖြစ်ရေးအမျိုးသမီးလုပ်ငန်း
- တက္ကသိုလ်ခရစ်ယာန်လုပ်ငန်း
- တစ်လုံးတစ်ဝတည်းဖြစ်ရေးလူငယ်လုပ်ငန်း
- ယုံကြည်ခြင်းနှင့်ကျင့်သုံးမှုကော်မရှင်
- မြန်မာနိုင်ငံခရစ်ယာန်ဂိုဏ်းပေါင်းစုံဓမ္မသိပ္ပံ
- မြို့ပြကျေးလက်သာသနာပြုလုပ်ငန်း

အထူးစီမံကိန်းများ

- ကျေးလက်ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်း
- စာပေစီမံကိန်း
- ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးစီမံချက်
- အသက်ကြီးသူများဖွံ့ဖြိုးရေးလုပ်ငန်း
- HIV/AIDS ကာကွယ်ရေးနှင့်ပြုစုစောင့်ရှောက်ရေးလုပ်ငန်း

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ၊ အဖွဲ့ဝင်အသင်းတော်များ

၁။ မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်
၂။ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (အင်္ဂလီကန်)
၃။ မြန်မာနိုင်ငံပရက်(စ်)ဘီတေးရီးယာန်းအသင်းတော်
၄။ မက်သဒစ်အသင်းတော် (အထက်မြန်မာပြည်)
၅။ ပြည်ထောင်စုမြန်မာနိုင်ငံမက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)
၆။ လူသာရင်ဗက်သလီဟင်း(မ်)အသင်းတော်
၇။ ရှင်ဂါပြေလအသင်းတော်၊ ယူနီယံ
၈။ ကယ်တင်ခြင်းတပ်အသင်းတော်၊ မြန်မာပြည်
၉။ အမျိုးသားချင်းထောက်ပံ့သည့်ကရင်နှစ်ခြင်းခရစ်ယာန်သာသနာပြုအသင်း
၁၀။ မြန်မာနိုင်ငံလီဆူခရစ်ယာန်အသင်းတော်
၁၁။ မြန်မာနိုင်ငံလွတ်လပ်သောပရက်စ်ဘီတေးရီးယာန်းအသင်းတော်
၁၂။ မရာဇဝံဂေလိအသင်းတော်
၁၃။ လွတ်လပ်သောတိုင်းရင်းခရစ်ယာန်သာသနာအသင်းတော်

ပူးပေါင်းဆက်သွယ်သောအဖွဲ့များ

၁။ မြန်မာနိုင်ငံကလျာဏယုဝခရစ်ယာန်အသင်းတော်များ၏အမျိုးသားကောင်စီ
၂။ မြန်မာနိုင်ငံယုဝတီခရစ်ယာန်အသင်း
၃။ မြန်မာနိုင်ငံကျမ်းစာအသင်း
၄။ မြန်မာနိုင်ငံခရစ်ယာန်စာပေအသင်း
၅။ မြန်မာနိုင်ငံခရစ်ယာန်သာသနာအနာကြီးရောဂါလုပ်ငန်း
၆။ မြန်မာနိုင်ငံသီချင်းလိုဂိုပညာရေးအသင်း
၇။ မြန်မာခရစ်တော်အတွက်လူငယ်
၈။ မြန်မာနိုင်ငံခရစ်ယာန်ကျန်းမာရေးလုပ်သားများဝန်ထမ်းမှုအသင်း

၉။ မြန်မာနိုင်ငံအသင်းတော်များလှည့်လည်သုံးရပ်ပုံငွေအဖွဲ့

၁၀။ အပြည်ပြည်ဆိုင်ရာ-ဂိဒေါင်များအဖွဲ့

၁၁။ မြန်မာနိုင်ငံသေရည်သေရက်နှင့်မူးယစ်ဆေးဝါးရှောင်ကြဉ်ခြင်းအမျိုးသမီး ခရစ်ယာန်အသင်း

၁၂။ မျှော်လင့်ရာသမ္မာတရား

၁၃။ နေ့စဉ်ခွန်အားလုပ်ငန်း

၁၄။ ဗွီးရှင်းထရတ်စ်မြန်မာ

ဒေသန္တရအသင်းတော်များကောင်စီများ

၁။ ကလေးနယ်ခရစ်ယာန်အသင်းတော်များကောင်စီ

၂။ ခရစ်ယာန်အသင်းတော်များကောင်စီ၊ ကာမိုင်းမြို့

၃။ ဆိုင်းတောင်ခရစ်ယာန်အသင်းတော်များကောင်စီ

၄။ တမူးမြို့ခရစ်ယာန်အသင်းတော်များကောင်စီ

၅။ ခရစ်ယာန်အသင်းတော်များကောင်စီ၊ တာချီလိတ်မြို့

၆။ တောင်ကြီးခရစ်ယာန်အသင်းတော်များကောင်စီ

၇။ တောင်ငူခရစ်ယာန်အသင်းတော်များကောင်စီ

၈။ ထန်တလန်ခရစ်ယာန်အသင်းတော်များကောင်စီ

၉။ နမ့်စန်ခရစ်ယာန်အသင်းတော်များကောင်စီ

၁၀။ ပခုက္ကူခရစ်ယာန်အသင်းတော်များကောင်စီ

၁၁။ ပလက်ဝခရစ်ယာန်အသင်းတော်များကောင်စီ

၁၂။ ပဲခူးခရစ်ယာန်အသင်းတော်များကောင်စီ

၁၃။ ပြင်ဦးလွင်ခရစ်ယာန်အသင်းတော်များကောင်စီ

၁၄။ ပုသိမ်ခရစ်ယာန်အသင်းတော်များကောင်စီ

၁၅။ ဖလမ်းမြို့နယ်ခရစ်ယာန်အသင်းတော်

၁၆။ ဖားကန့်ခရစ်ယာန်အသင်းတော်များမိတ်သဟာရအသင်း

၁၇။ မတူပီမြို့နယ်ခရစ်ယာန်အသင်းတော်များကောင်စီ

၁၈။ မန္တလေးခရစ်ယာန်အသင်းတော်များကောင်စီ

၁၉။ ခရစ်ယာန်အသင်းတော်များကောင်စီ၊ မိုးကောင်းမြို့။

၂၀။ မိုးညှင်းခရစ်ယာန်အသင်းတော်များကောင်စီ

၂၁။ မိုးကုတ်ခရစ်ယာန်အသင်းတော်များကောင်စီ

၂၂။ မင်းပြားမြို့နယ်ခရစ်ယာန်အသင်းတော်များကောင်စီ

၂၃။ မြစ်ကြီးနားခရစ်ယာန်အသင်းတော်များကောင်စီ
၂၄။ မော်လမြိုင်ခရစ်ယာန်အသင်းတော်များကောင်စီ
၂၅။ ရန်ကုန်ခရစ်ယာန်အသင်းတော်များကောင်စီ
၂၆။ လားရှိုးခရစ်ယာန်အသင်းတော်များကောင်စီ
၂၇။ ဟုမ္မလင်းခရစ်ယာန်အသင်းတော်များကောင်စီ
၂၈။ တီးတိန်ခရစ်ယာန်အသင်းတော်များကောင်စီ
၂၉။ ဆမီးခရစ်ယာန်အသင်းတော်များကောင်စီ
၃၀။ ဂန့်ဂေါဒေသန္တရအသင်းတော်များကောင်စီ
၃၁။ နေပြည်တော်ခရစ်ယာန်အသင်းတော်များကောင်စီ
၃၂။ မင်းတုန်းခရစ်ယာန်မိတ်သဟာရ
၃၃။ ဟိုပင်ခရစ်ယာန်အသင်းတော်များကောင်စီ
၃၄။ စစ်တွေခရစ်ယာန်အသင်းတော်များကောင်စီ
၃၅။ မင်းတပ်အသင်းတော်များဂိုဏ်းပေါင်းစုံမိတ်သဟာရ
၃၆။ ပြည်ခရစ်ယာန်ဂိုဏ်းပေါင်းစုံအသင်းတော်များအဖွဲ့
၃၇။ ခရစ်ယာန်ဂိုဏ်းပေါင်းစုံမိတ်သဟာရအဖွဲ့၊ ကျောက်ဖြူ
၃၈။ ကျုံပျော်ခရစ်ယာန်အသင်းတော်များကောင်စီ
၃၉။ ဘားအံခရစ်ယာန်အသင်းတော်များကောင်စီ
၄၀။ မ/ဒဂုံမြို့သစ်ခရစ်ယာန်အသင်းတော်များကောင်စီ
၄၁။ ရန်ကုန်အရှေ့ပိုင်းနယ်မြေခရစ်ယာန်ဂိုဏ်းပေါင်းစုံအသင်းတော်
၄၂။ ပေါက်ခေါင်းမြို့ခရစ်ယာန်အသင်းတော်ပေါင်းစုံမိတ်သဟာရအဖွဲ့
၄၃။ အမ်းမြို့နယ်ခရစ်ယာန်အသင်းတော်များကောင်စီ
၄၄။ ကန်ပက်လက်မြို့ခရစ်ယာန်အသင်းတော်များကောင်စီ

xxxxxxxx

## MCC Sunday Contribution (2019)

### ၂၀၁၉ ခုနှစ်၊ သမိုင်းဝင် ပထမဦးဆုံးအကြိမ်ကျင်းပကြသောအသင်းတော်များနှင့် အလှူတော်ငွေစာရင်း

| | | | |
|---|---|---|---|
| 1. | **Judson Church** | - | **323,000/-** |
| 2. | **Resurrection Church (Anglican)** | - | **50,500/-** |
| 3. | **Emmanuel Church, N-Dagon** | - | **100,000/-** |
| 4. | **St-Matthew Church, N-Dagon** | - | **64,100/-** |
| 5. | **Kanbe, E- Dagon** | - | **10,000/-** |
| 6. | **Po Kayin Baptist Church, E- Dagon** | - | **20,000/-** |
| 7. | ဂေသရှေမန်နှစ်ခြင်းအသင်းတော် (မ/ဒဂုံ) | - | **29,600/-** |
| 8. | **Lai Baptist, N-Dagon** | - | **60,000/-** |
| 9. | **KBC, N-Dagon** | - | **68,000/-** |
| 10. | ဧပေနေဇာမက်သဒစ်အသင်းတော် (မ/ဒဂုံ) | - | **20,000/-** |
| 11. | **New Dagon Baptist Church, N-Dagon** | - | **50,000/-** |
| 12. | **Po Kayin Baptist Church, N-Dagon** | - | **100,000-** |
| 13. | **Moekoke Christian Council** | - | **459,650/-** |
| 14. | **Holy Trinity Cathedral, Anglican** | - | **100,000/-** |
| 15. | **Mindone Christian Fellowship** | - | **25,350/-** |
| 16. | **Holy Cross Church** | - | **227,700/-** |
| 17. | **Independence Presbyterian Church of Myanmar** | - | **98,200/-** |
| 18. | **North Oakalapa Baptist Church** | - | **50,000/-** |
| 19. | **Lisu Christian Church of Myanmar** | - | **131,000/-** |
| | **Total** | - | **1,987,100/-** |

**အလှူငွေပေးပို့ရမည့် ဘဏ်စာရင်းအမှတ်နှင့်အမည်**

The Myanmar Council of Churches

021-304-02105366801 (KBZ bank - Kamaryut)

ဦးရွှေလိန်း - ၁၂/ကမရ (နိုင်)၀၄၂၈၆၈

ဦးအောင်ထက်အောင် - ၁၂/အစန (နိုင်)၁၈၂၁၈၉

**For More Information -www.mccoikom.org**